မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၉)၊ အမှတ်(၁၆၇)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၂၄–၅–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅–၅–၂၀၂၆ ရက်နေ့မှ

၃၁–၅–၂၀၂၆ ရက်နေ့ထိ)

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်လေဆိပ် အဝင်လမ်းသစ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့။
မန္တလေး နေ့စဉ်

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဖို့၊ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့ (Acting Locally for Global Impact)ဟူသော ဆောင်ပုဒ်အရ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် မိမိတို့ရပ်ရွာဒေသမှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံးပါဝင်သော ချဉ်းကပ်မှုဖြင့် အခြေပြုစတင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၅ ခုနှစ်မှစ၍ ပါဝင်ခဲ့ပြီး မြန်မာ့ဒေသရင်း အပင်မျိုးစိတ် (၈၆၄)မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ်(၉)မျိုး၊ ငှက်မျိုးစိတ်(၁၀)မျိုးနှင့် တွားသွားသတ္တဝါမျိုးစိတ် (၂၁)မျိုးတို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ (၆၂)ခုကို ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် ယူနက်စကို လူသားနှင့်ဇီဝအဝန်းနယ်မြေ (၂)ခု၊ ရမ်ဆာရေဝပ်ဒေသ(၇)ခု၊ အာဆီယံအမွေအနှစ်ဥယျာဉ် (၈)ခုနှင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက် (၈)ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းခြင်းအား လက်တွေ့နေ့စဉ် လုပ်ဆောင်ချက်များမှတစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့်စသည်ဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးရခြင်း၏ အကြောင်းအရင်းများကို လျှော့ချဆောင်ရွက်ခြင်းမပြုလုပ်ပါက လာမည့်ဆယ်စုနှစ်များအတွင်း မျိုးစိတ်ပေါင်းတစ်သန်းခန့် မျိုးသုဉ်းပျောက်ကွယ်သွားမှာဖြစ်ပါကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မေ ၂၂ရက် နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video clip အား ပြသပြီး ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပိုစတာများအား လှည့်လည်ကြည့်ရှုခဲ့သည်။ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်လျှော့ချရေးအတွက်လည်း အလွန်အရေးပါသဖြင့် သစ်တောဂေဟစနစ်များ၏ အရင်းအမြစ်ဖြစ်သော သစ်တောကြိုးဝိုင်း၊ ကြိုပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းသည် လက်ရှိကာလသာမက အနာဂတ်အတွက် ကတိကဝတ်အဖြစ်သတ်မှတ်၍ အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## 'ကျောင်းအပ်နှံရေးရက်သတ္တပတ်' မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူခြင်းဆောင်ရွက်

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးအနီး လမ်း ၆၀၊ ၁၀၈ လမ်းထောင့်နှင့် တမ္ဗဝတီရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် စုပေါင်းစိုက်ထူကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ် ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်များကို အမွှေးနံ့သာရည်များပက်ဖျန်းပြီး စိုက်ထူပေးခဲ့ကြောင်း သိရသည်။

(အလင်းသစ်)

ဝ-ဝ-ဝ-ဝ-ဝ

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မေ ၂၃**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)ဘက်စုံသုံးခန်းမ၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "လူငယ်နှင့်အနာဂတ်" ခေါင်းစဉ်ဖြင့်လည်းကြောင်း အသီးသီးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၄၈၅)

## ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းကွင်းဆင်းဆောင်ရွက်

**မောက်မယ် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊မောက်မယ်မြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊အသိပညာပေးခြင်းလုပ်ငန်းများကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ လွိုင်ခွမ်ရွာဟောင်း၊ အရှေ့ပူးယာစန်းရွာ၊ လွိုင်ဆမ်ဆစ်ရွာ၊ ကဒူးလေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ ပြီး မေ ၂၂ ရက် နံနက် ၉ နာရီတွင် စဠ်ဝင်ကျေးရွာအုပ်စု၊ မိုင်းယွန်းကျေးရွာ၊ မိုင်းယွန်းဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်တီဘီရောဂါရှာဖွေရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာ စိုင်းသန်းထိုက်အောင်အဖွဲ့နှင့် မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြမြသန်းနှင့် ဝန်ထမ်းများက ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား ကျန်းမာရေးနှင့်ပတ်သက်သည့်အသိပညာများ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး တီဘီသံသယရှိသူလူနာအား ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်း၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတိုးရောဂါ၊သွေးချိုဆီးချိုရောဂါ၊နှလုံးရောဂါများအား ကျန်းမာရေးစောင့်ရှောက်မှု စမ်းသပ်စစ်ဆေးပေးပြီး အထွေထွေရောဂါကုသပေးခဲ့ရာ ဘိုးဘွားများနှင့်ဒေသခံပြည်သူများ လိုအပ်သည့်ဆေးဝါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *

## မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြ

**မန္တလေး မေ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်မှုဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြမှုကို ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ Ruper Mandalar Hotel ၌ ယနေ့နံနက်ပိုင်းက ဆောင် ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦးက Ruper Mandalar Hotel ရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး အကြောင်းအရာများကို ဟောပြောခဲ့ပြီး Ruper Mandalar Hotel အတွင်း မီးဘေးအန္တရာယ်စစ်ဆေးခြင်းများနှင့် လက်တွေ့မီးငြိမ်းသရုပ်ပြမှုများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## ရက်(၁၀၀)စီမံချက်ဖြင့် အဆင့်မြင့်ဈေးချိုပတ်လည် ရေမြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး မေ ၂၃**

ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးမြို့ အဆင့်မြင့်ဈေးချိုပတ်လည် ရေမြောင်းများဆယ်ယူသန့်ရှင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာကော်မတီ ဈေးနှင့်သားသတ်ဌာနမှ သန့်ရှင်းရေးဝန်ထမ်း ၆၀ ဦး၊ စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်း ၂၀ ဦးတို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ရေမြောင်းများဆယ်ယူရှင်းလင်းရာသို့ မန္တလေးမြို့တော်စည်ပင်သာယာကော်မတီ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်က လာရောက်ကြည့်ရှုခဲ့ပြီး ဈေးချိုပတ်လည်ရေမြောင်းများ မပိတ်ဆို့စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် လိုအပ်သည်များ လုပ်ဆောင်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

## လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု

ဦးစွာ ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော်-တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မီးရထားလမ်းကူးနေရာများ၌ ခုံးကျော်တံတားများ ဆက်လက်ထည့်သွင်းတည်ဆောက် နိုင်ရေးအတွက်လည်း စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့်ယခုနေပြည်တော်-တောင်တွင်းကြီးမီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းအား မိုးမကျမီ ဆောင်ရွက်၍ရသည့် လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ရွှေပြည်တော်ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော် လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ယာယီသံပေါင်ဘောလီတံတား တည်ဆောက်ရန်ဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုလေဆိပ်အဝင်လမ်းသစ်အား နေပြည်တော်မှ လေဆိပ်သို့ လာရောက်သူများနှင့် လေဆိပ်မှ နေပြည်တော်သို့ သွားရောက်သူများ ပိုမိုလျင်မြန်မြန်ဆန်စွာဖြင့် သွားလာရောက်ရှိနိုင်ရေး ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့် အဆင့်မြှင့်တင် ဆောက်လုပ်သွားရန်လိုကြောင်း၊ နောင်အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေ တိုးတက်လာနိုင်မှုများ အပေါ် ထည့်သွင်းတွက်ချက်၍ လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက်လည်း Master Plan ရေးဆွဲ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များကိုလည်း မိုးရာသီအမီ စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ ရန်ကုန်-မန္တလေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ကျီးအင်းကျေးရွာရှိ အေးခဲဟင်းသီးဟင်းရွက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း (Myanmar Agri Foods Co.,Ltd.) တွင် ကြည့်ရှုလေ့လာစဉ်။

မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်း တင်ပြမှုများအပေါ် ပျဉ်းမနား မြို့ရှောင်လမ်းမှ ရွှေပြည်တော်ဝင်လမ်းသို့ဝင်ရောက်သည့်လမ်းအား စနစ်တကျဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းများအားလုံးကို စနစ်တကျဖြစ်စေရေးနှင့် နောင်အနာဂတ်တွင် တိုးတက်လာမည့် မြို့ပြလူဦးရေနှင့် ယာဉ်အသုံးပြုမှု များပြားလာနိုင်မှုအပေါ် တွက်ချက်၍ တိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဒေသစိုက်ပျိုးသီးနှံများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှု

ထို့နောက် ပျဉ်းမနားမြို့ ကျီးအင်းကျေးရွာရှိအေးခဲဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်း (Myanmar Agri Foods Co.,Ltd.) သို့ ရောက်ရှိလေ့လာရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဒေသတွင်း မှထွက်ရှိသည့် ရုံးပတီသီး၊ ဟင်းနုနယ်၊ ဘိုစားပဲ၊ သရက်သီးနှင့် ပဲအမျိုးမျိုးတို့အပါအဝင် ဟင်းသီးဟင်းရွက် မျိုးစုံအား အေးခဲ ဟင်းသီးဟင်းရွက်များ ထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေမှု အခြေအနေများ၊ အခြေခံလူတန်းစားများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်မှု၊ ကန်ထရိုက် လယ်ယာစိုက်ခင်းများမှ ကုန်ကြမ်းများကို ၉၉ ရာခိုင်နှုန်းအထိ အသုံးပြု ထုတ်လုပ်လျက်ရှိမှု၊ အရည်အသွေး ပြည့်မီသည့် ထုတ်ကုန် အသစ်များအတွက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များ၊ လက်ရှိဈေးကွက်ရရှိမှု အခြေအနေများနှင့် ယင်းကို အခြေခံ၍ အာရှဈေးကွက်၊ ဥရောပဈေးကွက်များသို့ တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိရရှိပြီးဖြစ်သည့် ဈေးကွက်ကို အဓိကရည်ရွယ်၍ ဆက်လက်တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ ရနိုင်ကြောင်း၊ ဟင်းသီးဟင်းရွက်များကို Green House များဖြင့် တစ်အုပ်တစ်မ ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်အောင်သုတေသနပြုလုပ်၍ဆောင်ရွက်သွားမည်ဆိုပါက ကုန်ကြမ်းသီးနှံများ စာမျက်နှာ ၄ သို့ ☆

> ❖ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းများအားလုံးကို စနစ်တကျဖြစ်စေရေးနှင့် နောင်အနာဂတ်တွင် တိုးတက်လာမည့် မြို့ပြလူဦးရေနှင့် ယာဉ်အသုံးပြုမှု များပြားလာနိုင်မှုအပေါ် တွက်ချက်၍ တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်
>
> ❖ ဟင်းသီးဟင်းရွက်များကို Green House များဖြင့် တစ်အုပ်တစ်မ ရာသီမရွေးစိုက်ပျိုးထုတ်လုပ်နိုင်အောင် သုတေသနပြုလုပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ကြမ်းသီးနှံများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်မည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အိုင်စောက်ကျေးရွာအနီး လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ
ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းမှစ၍ သုံးစွဲသူလက်ဝယ်သို့ ရောက်ရှိသည်အထိ အဆင့်အားလုံးကို ချိတ်ဆက်ထားသည့် ထောက်ပံ့ရေးကွင်းဆက် (Supply Chain) ကို စနစ်တကျစဉ်းစားတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အကျိုးရှိအောင် အသုံးချသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ယင်းနောက် ကုမ္ပဏီအတွင်း အေးခဲဟင်းသီးဟင်းရွက်ထုတ်လုပ်နေမှု လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူဖြစ်သည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်လည်း လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားသည်။

**ရေနုတ်မြောင်းများစနစ်တကျရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရန်ကုန်-မန္တလေးလမ်းဟောင်း အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ပြီး အိုင်စောက်ကျေးရွာ အနီးနှင့် ပင်လောင်းလမ်းဆုံ နေရာတို့၌ လမ်းဘေးဝဲ/ယာ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် အေးမြင့်သာယာတံတား (ဆင်သေချောင်းကူး) သို့ ရောက်ရှိပြီး ဆင်သေချောင်း တစ်လျှောက် ချောင်းကမ်းပါးများအား သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ခံနိုင်ရေးတို့ အတွက် ရေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများအား စနစ်တကျဆောင်ရွက်သွားရန်၊ တံတားနေရာများ၌လည်း ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်

နေပြည်တော် မေ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E. Mr. Valery D. Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ မေ ၁၉ ရက်မှ ၂၁ ရက်အထိ တက်ရောက်ခဲ့သည်။



အပြည်ပြည်ဆိုင်ရာညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions- AACC)၊ အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ အခြားဖိတ်ကြားထားသော ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြသည်။

ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်ကြသည့် Covid-19 ကပ်ရောဂါကာလအတွင်း ကြုံတွေ့ရသည့် တရားစီရင်ရေး အခက်အခဲများ၊ နိုင်ငံသားများ၏ ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုများ၊ နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တရားစီရင်ရေးတွင် ဉာဏ်ရည်တု (Artificial Intelligence) သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို တက်ရောက်လာကြသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံးရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျိုးမြို့၌ ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်

နေပြည်တော် မေ ၂၃

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Wentao ၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျိုးမြို့၌ ယမန်နေ့က ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership Agreement – RCEP) နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ် (Comprehensive and progressive Agreement for Trans-Pacific Partnership – CPTPP) တို့၏ အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




ဆွေးနွေးပွဲကို RCEP နှင့် CPTPP သဘောတူစာချုပ်များတွင် ပါဝင်သောနိုင်ငံများအကြား နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သော ကုန်သွယ်မှုကို ထောက်ခံရန်၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကို ထိန်းသိမ်းရန်နှင့် စက်မှုနှင့် ထောက်ပံ့ရေး ကွင်းဆက်များ တည်ငြိမ်မှုရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး သဘောတူစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်ရေးကိုယ်စားလှယ် (full Minister Rank)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Chenggang က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသောအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သောကုန်သွယ်မှုကို ထောက်ခံရေး၊ ပွင့်လင်းမြင်သာပြီး စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကို ထိန်းသိမ်းရေး၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်မှုရှိစေရေး၊ RCEP နှင့် CPTPP သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းပြီး စည်းမျဉ်းအခြေပြု နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အချို့သော နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ်အတွင်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အကျိုးကျေးဇူးများစွာ ရရှိသည်ကို အသိအမှတ်ပြုပါကြောင်း၊ အဆိုပါ နိုင်ငံစုံကုန်သွယ်ရေး စနစ်သည် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းကို အထောက်အကူများစွာပြုပါကြောင်း၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးကိုသာ အဓိကရေးရှုလုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးရည်ရွယ်ချက်မပါရှိပါကြောင်း၊ ညီမျှပြီးတည်ငြိမ်သည့် ကုန်သွယ်ရေးဝန်းကျင်ကောင်းကို ရရှိစေရန် ပို့ကုန်၊ သွင်းကုန် နိုင်ငံများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ အကောက်ခွန်မူဝါဒများကို မျှတ၍ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်သင့်ကြောင်း၊ သင့်လျော်သည့် ကုန်သွယ်ရေးအခွန်နှုန်းထားများကို ထားရှိစေခြင်းဖြင့် နိုင်ငံအချင်းချင်းကုန်သွယ်မှုကို တိုးမြှင့်လာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒီဂျစ်တယ်နှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးပေးမြှင့်တင်ရန် လိုအပ်ကြောင်းနှင့် ဒေသတွင်းပေါင်းစည်းမှု ခိုင်မာစေရန် RCEP နှင့် CPTPP သဘောတူစာချုပ်များအကြား ချိတ်ဆက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စားအုန်းဆီအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ၇၄၂၃ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



**မန္တလေး မေ ၂၃**

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင် ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်းထုတ်ပြန် ကြေညာထားသည်။

ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ကိုရီးယားသမ္မတနိုင်ငံသို့ ကြွရောက်



နေပြည်တော် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၄ ရက်တွင် ကျင်းပမည့် "50 Years of Gratitude & Friendship, 100 Years of Mercy" အခမ်းအနားပါဝင်တက်ရောက်ရန် Korean Wave Culture Industry Forum (KWCIF) ၏ စီစဉ်ဖိတ်ကြားမှုဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသကြီးမှူးသည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက်က ကိုရီးယားသမ္မတနိုင်ငံသို့ ကြွရောက်ရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်၌ မြန်မာသံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ စစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင့်သူနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆိုးလ်မြို့ရှိ Jogyesa Temple ၌ ကျောင်းထိုင်ဆရာတော် Venerable Damhwa Wonmyeong နှင့်လည်းကောင်း၊ Office of the President of the Jogye Order ၌ Jogye Order of Korean Buddhism ၏ ၃၇ ယောက်မြောက် ဥက္ကဋ္ဌ Ven. Jinwoo နှင့် လည်းကောင်း တွေ့ဆုံသည်။

Jogyesa Temple သည် ကိုရီးယားနိုင်ငံ ဗုဒ္ဓဘာသာ Jogye Order ၏ အဓိကဗဟိုဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ၁၉၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ကာ ကိုရီးယားဗုဒ္ဓဘာသာ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများအတွက် အရေးပါသော နေရာတစ်ခုဖြစ်သည့်အပြင် ကိုရီးယားရိုးရာဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော Daeungjeon Hall (Main Buddha Hall)၊ နှစ်ရာချီသက်တမ်းရှိသောသစ်ပင်ကြီးများနှင့် ရိုးရာမီးပုံးပွဲတော်များကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်ကြသည့်နေရာလည်း ဖြစ်သည်။

ယင်းနောက် ဆရာတော်နှင့်အဖွဲ့သည် Dongguk University ၏ ဥက္ကဋ္ဌ Yun Jae-woon နှင့်တွေ့ဆုံခြင်း၊ Dongguk University ရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ Buddhist Broadcasting System (BBS) ၏ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် ပါဝင်ပြီး တရားဓမ္မဆိုင်ရာ မေးမြန်းလျှောက်ထားမှုများအပေါ် မိန့်ကြားသည်။

BBS သည် ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဆုံးသော ဗုဒ္ဓဘာသာရုပ်သံနှင့် ရေဒီယိုကွန်ရက်ဖြစ်ပြီး ရေဒီယိုအစီအစဉ်များအပြင် ရုပ်သံလိုင်း (BBS TV) များမှတစ်ဆင့် ဗုဒ္ဓစာပေ၊ ဝိပဿနာနှင့် ကိုရီးယားနိုင်ငံနှင့် နိုင်ငံတကာဗုဒ္ဓဘာသာသတင်းများကို တင်ဆက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဆရာတော်ကြီးနှင့် အဖွဲ့သည် UNESCO ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် မှတ်တမ်းဝင်ဖြစ်သော Bulguksa Temple ၌ Venerable Jongcheon နှင့်လည်းကောင်း၊ Tongdosa Temple ၌ Venerable Hyeon-deok နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ သတင်းစဉ်

### ပညာရေးဝန်ကြီးဌာန
### "၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME လုပ်ငန်းများအတွက် အောင်မြင်ရေးအလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်ပွဲနှင့် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

MSME လုပ်ငန်းများအတွက် အောင်မြင်ရေး အလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ နေ့အကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ရုံးချုပ်၏ ဝန်ထမ်းများနေရာချထားမှု၊ ဌာနအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း၌ SKD/CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ နှစ်ဘီး/ သုံးဘီး မော်တော်ဆိုင်ကယ်များ၊ ကိုယ်ထည် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ လယ်ယာသုံးယာဉ်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လမ်း၊ တံတားလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေး



မကွေး မေ ၂၃

မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား လုပ်ငန်းများအတွက် ပစ္စည်း တင်ဒါနည်းပညာအဆိုပြုလွှာ စာအိတ်(A)နှင့် လုပ်ငန်းတင်ဒါ နည်းပညာအဆိုပြုလွှာ စာအိတ် (A)များ ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကို မေ ၂၁ ရက်က မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေး တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွန့်အောင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်က တင်ဒါဖွင့်ဖောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တင်ဒါကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကုမ္ပဏီများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

**စာအုပ်စာပေ၊**
**လူ့မိတ်ဆွေ။**

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (၁၈)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၃**

အထက်မြန်မာပြည်တွင် သီတင်းသုံးနေထိုင်ကြသော သာသနာ့နွယ်ဝင် သံဃာတော်၊ သီလရှင်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုအပြည့်အဝ ပေးနေသည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၁၈)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိ ပြည်ကြီးမွန်ဖောင်တော်မဏ်လာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနာယကကြီးများ၊ ဆရာဝန်ကြီးများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် အလှူငွေလှူဒါန်းခြင်းကို ဆက်လက်ကျင်းပရာ စေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ် သိန်းပေါင်း ၂၁၀၀၀၊ ရာသက်ပန်ရေသန့်ကုသိုလ်၊ ကျောက်ကပ်သွေးသန့်စင်စက်တစ်လုံးနှင့် Ultrasound စက်တစ်လုံးတို့ကို လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ၂၀၀၈ ခုနှစ် ဧပြီ ၁၈ ရက်က စတင်၍ စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် အဆောင် (၁၅)ဆောင် ဆောက်လုပ်ကာ ခုတင် (၃၀၀)ဆေးရုံကြီးအဖြစ် သံဃာတော်များ၊ သီလရှင်များ၊ မပြည့်စုံသော လူပုဂ္ဂိုလ်များကို အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်ကြီးများဖြင့် ကုသမှုများကို ယနေ့ထိတိုင် ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော်၊ သီလရှင် စုစုပေါင်း ၂၂၉၀၀၀ ပါး ကျော်နှင့် လူပုဂ္ဂိုလ် ၅၅၀၀၀ ဦးကျော်ကို ကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်း ငွေကျပ် ၁၁ ဘီလီယံကျော် အသုံးပြုခဲ့ကြောင်း၊ လူပုဂ္ဂိုလ်များကို သက်သာသောနှုန်းထားဖြင့် ကုသပေးနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။




(မန္တလေးနေ့စဉ်)

၀-၀-၀-၀

# (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**မန္တလေး မေ ၂၃**

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမှတ်(၁)မူးယစ်တပ်ဖွဲ့ခွဲ၊ မန္တလေး၊ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်မောင်လွင်နှင့်အဖွဲ့၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပန်းချီနှင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး မေ ၂၄ ရက်၌ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကာတွန်းပြိုင်ပွဲ၊ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀





# ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ၌ RBF လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး မေ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နန္ဒာကျေးရွာအုပ်စု၊ နန္ဒာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများသည် နန္ဒာကျေးရွာ၌ စက်မှုလက်မှုအထည်ချုပ်လုပ်ငန်း ဆောင်ရွက်နေသည့် ချောစုအဖွဲ့၊ ပပဖြိုးအဖွဲ့၊ ကောင်းကင်ကြယ်အဖွဲ့နှင့် ထွန်းအဖွဲ့ အဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌(RBF) စီမံကိန်းခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေ ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်သူများအတွက် လိုအပ်သည့် အရင်းအနှီးရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ RBF စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အထည်ချုပ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

(အောက်ပုံ)

အောင်ရဲကျော်

၀-၀-၀-၀



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V @ Kim Taehyung က G Q Korea မဂ္ဂဇင်းတွင် Cartier ကုန်ပစ္စည်းကြော်ငြာ




ဗိမ်ခံရတနာနှင့် နာရီအမှတ်တံဆိပ် Cartier ၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်ဖြစ်သည့် V က G Q Korea မဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်ဖြစ်ခဲ့ရာမှ ကုန်ပစ္စည်းပြတ်လပ်သည်အထိ ကြော်ငြာအားကောင်းခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မဂ္ဂဇင်းကြိုတင်မှာယူမှုမှာ နံပါတ်တစ် ရရှိခဲ့ပြီး ဝမ် ၇၃ သန်းတန် Cartier လက်ကောက် ရောင်းထွက်ခဲ့ကာ Me & You & V ခေါင်းစဉ်ဖြင့် မျက်နှာဖုံးခြောက်မျိုးနှင့် ဗီဒီယိုများ ထုတ်ပြထားသည်။

ဓာတ်ပုံတိုင်းတွင် V ၏ စုံလင်လှသော ဆွဲဆောင်မှုနှင့် ပြိုင်ဘက်ကင်း အငွေ့အသက်ကို ဖန်တီးထားကာ ဖြူစင်သော မျက်နှာမှ ပြင်းထန်သော ဆွဲအားပြည့် အကြည့်နှင့် ဖမ်းစားထားသည်။ Cartier ၏ တန်ဖိုးကြီး လက်ဝတ်ရတနာများနှင့်အတူ V ၏ စူးရှသည့် မျက်ဝန်း၊ နူးညံ့သည့် လက်အနေအထားနှင့် ရတနာများတောက်ပခဲ့ကာ ပစ္စည်းရောင်းကုန်သည်အထိ ကြော်ငြာအားကောင်းခဲ့သည်။

(SKY)

*-*-*-*-*-*-*

## Xiao Zhan အောင်မြင်မှုအတွက် ပေးဆပ်ခဲ့ရ



တရုတ်အနုပညာရှင် ရှောင်ကျန့်သည် အနုပညာခရီးလမ်းတွင် အောင်မြင်မှုနှင့်အတူ စိန်ခေါ်မှုနှင့် အခက်အခဲများစွာကို ကျော်ဖြတ်၍ အောင်မြင်မှုအတွက် ပေးဆပ်ခဲ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်ကျန့်သည် အသက် ၂၄ နှစ်မှ အနုပညာခရီးစတင်ခဲ့ပြီး ဒီဇိုင်နာအဖြစ် လုပ်ကိုင်ရာပြိုင်ပွဲမှတစ်ဆင့် ဝင်ရောက်၍ ကခုန်ခြင်းအတွက် လေ့ကျင့်ရင်းခြေသည်းကွာခဲ့ရသည်။ မျက်စိ၍ ရင့်ကျက်သောပုံစံနှင့် ပြန်ရောင်ရမ်းဝေဒနာခံစားရင်း The Untamed ရိုက်ကွင်းမပျက် လုပ်ဆောင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ဘဝ၌အကြီးမားဆုံး အခက်အခဲဆုံး အလှည့်အပြောင်းကြုံခဲ့ရကာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဝေဖန်တိုက်ခိုက်ခံရပြီး အများမလုပ်ခဲ့ဘဲ ပရိသတ်လုပ်ရပ်ကြောင့် အနုပညာလောကမှ ခေတ္တပျောက်ကွယ်ခဲ့ရသည်။ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမွေးမြူလည် ရောက်ရှိလာကာ ပြဇာတ်များတွင် သရုပ်ဆောင်စွမ်းရည်မြင့်တင်ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုအရှိဆုံး အနုပညာရှင်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

အနုပညာလောကမှ ခေတ္တပျောက်ကွယ်နေချိန် သူငယ်ချင်းကောင်းတစ်ဦး၏ ကူညီဖေးမမှုက သူ့အတွက် အားအင်ဖြစ်ခဲ့ကြောင်း ရှောင်ကျန့်က ထုတ်ဖော်ပြောကြားခဲ့သည်။

(SKY)

## Jin ၏ Tonight သီချင်းမှာ အချစ်ရဆုံးခွေးလေးအတွက်ဖြစ်




BTS အဖွဲ့ဝင် Jin (ခေါ်) ကင်ဆွတ်ဂျင်သည် အနုပညာလောကတွင် ဝေဖန်မှုများစွာခံရသော်လည်း အပြုံးမပျက် ကြိုးစားရှေ့ဆက်ခဲ့ရာမှ အောင်မြင်ခဲ့ကာ သူ၏ Tonight သီချင်းမှာ အချစ်ရဆုံးခွေးလေးအတွက် ရေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jin ကို ရုပ်ရည်သာချောပြီး အရည်အချင်းမရှိဟု ပွဲဦးထွက်စဉ်က ဝေဖန်ခံခဲ့ရကာ ပရိသတ်ရော ကုမ္ပဏီကပါ အပြောခံခဲ့ရ၍ အဖွဲ့ဝင်များထက် ပိုကြိုးစားကာ အရည်အချင်းရှိရန် သွေးနှင့် ချွေးနှင့် ရင်းခဲ့ရသူဖြစ်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်က M Countdown တွင် ဖျော်ဖြေရန် ပြင်ဆင်ချိန် အချစ်ရဆုံးခွေးလေး သေဆုံး၍ စင်နောက်တွင် ငိုခဲ့ရပြီး စင်ပေါ်တွင် ပရိသတ်ကို ဖျော်ဖြေခဲ့သည်။ သူ့ခံစားချက်များကို Tonight တွင် ချပြထားပြီး သူ့ပင်ပန်းမှုကို ပရိသတ်မမြင်စေလိုဘဲ ပရိသတ်ကို ပျော်စေချင်သူဖြစ်သည်။ Jin သည် လက်ရှိငွေရောင်အသံပိုင်ရှင်ဖြစ်သည်။

(SKY)

## Black Pink မှ Jennie က ကေပေါ့ပ် ထိပ်တန်းရက်ပ်ပါဖြစ်

ကေပေါ့ပ်လောကတွင် ရက်ပ်စကားနှင့် ပါဖောမန့်ပိုင်းအရ ဩဇာအရှိဆုံး၊ အရည်အချင်းအရှိဆုံးဟု သတ်မှတ်ခံရသည့် ထိပ်ဆုံးရက်ပ်ပါ ဆယ်ဦးစာရင်းတွင် ဘလက်ပင့်ခ်မှ Jennie ထိပ်ဆုံးပါဝင်ကြောင်း ဆွန်ပီ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jennie ၏ ရက်ပ်စတိုင်မှာ ပြတ်သား၍ အသံထွက်ကောင်းပြီး သီချင်း၏ ခံစားမှုအလိုက်ပြောင်းလဲနိုင်စွမ်းရှိကာ Solo နှင့် Pink Venom တွင် ရက်ပ်ပိုင်းအကောင်းဆုံး တွေ့ရသည်။

အိုင်ဒီရယ်မှ ဆိုယွမ်မှာ ရက်ပ်ပါတစ်ဦးဖြစ်ပြီး ကိုယ်တိုင်ရေးသားသီဆို၍ သီချင်းထဲ ရက်ပ်ထည့်ရမည့်နေရာကို သီဆိုဖြစ်သည်။ စတေရီကစ်မှ ချန်ဆင်း၏ ရက်ပ်စကားမှာ အမြန်ဆုံးနှင့် အားအကောင်းဆုံး ဖြစ်သည်။

လီဆာကလည်း ရက်ပ်ကို စည်းချက်နဲ့အညီ အသုံးချနိုင်ကြောင်း Money တွင် ပြသခဲ့ကာ ဘီတီအက်စ်မှ RM က စာသားအနက်အဓိပ္ပာယ်တွင် ဆရာတစ်ဆူဖြစ်ပြီး ဂျီဒရယ်ဂွန်က ရက်ပ်ပိုင်း လမ်းသစ်ထွင်ခဲ့ကာ ဆူဂါက စိတ်လှုပ်ရှားမှုကို ရက်ပ်နှင့်ပုံဖော်ခဲ့ကာ ဇီကို၊ မွန်ဗြောင်းနှင့် ဘောသီတို့လည်း ထိပ်တန်းရက်ပ်ပါများ ဖြစ်ကြသည်။

(SKY)



## နှစ်များစွာ အဖြေမပေါ်ခဲ့သည့် သွေးအုပ်စုဆန်းပဟေဠိ သိပ္ပံပညာရှင်များ အောင်မြင်စွာ အဖြေရှာနိုင်ခဲ့

နှစ်ပေါင်း ၅၀ ကျော်ကြာအောင် သိပ္ပံပညာရှင်များကို ခေါင်းခဲစေခဲ့သည့် ရှားပါးသွေးအုပ်စုဆိုင်ရာ ပဟေဠိတစ်ခုကို နောက်ဆုံးတွင် အောင်မြင်စွာ အဖြေရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ရာ ယခုတွေ့ရှိမှုသည် ကမ္ဘာတစ်ဝန်းရှိ လူနာများအတွက် သွေးသွင်းကုသမှုများကို ပိုမိုဘေးကင်းစိတ်ချရစေတော့မည် ဖြစ်သည်။

ဗြိတိန်နှင့် အစ္စရေးနိုင်ငံတို့မှ သုတေသီများသည် ရှာဖွေရခက်ခဲလှသည့် သွေးအုပ်စု၏နောက်ကွယ်မှ မျိုးရိုးဗီဇဆိုင်ရာ အကြောင်းရင်းကို မကြာသေးမီက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပြီး "အမ်အေအယ်လ်" ဟုခေါ်ဆိုသည့် သွေးအုပ်စုစနစ်အသစ်တစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ခဲ့သည်။

ယင်းတွေ့ရှိချက်သည် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သော သိပ္ပံပညာရှင်တို့၏ ရှာဖွေမှုကို အဆုံးသတ်စေခဲ့ရုံမျှမက သွေးသွင်းရာတွင် အသက်အန္တရာယ်ရှိနိုင်သည့် တုံ့ပြန်မှုများနှင့် ကြုံတွေ့ရနိုင်ခြေရှိသော အလွန်ရှားပါးသည့် သွေးအုပ်စုပိုင်ရှင်များကို စနစ်တကျစစ်ဆေးဖော်ထုတ်ပေးနိုင်ရန် လမ်းစပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## Maadathy : An Unfairy Tale တမီးလ်ဇာတ်ကား ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြသ

တမီးလ်ဘာသာစကားနှင့် ရိုက်ကူးထားသည့် အိန္ဒိယတောင်ပိုင်း အနုပညာဖန်တီးမှုဖြစ်သည့် Maadathy : An Unfairy Tale ဇာတ်ကား ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပရီမီယံဇာတ်ကားအနေဖြင့် ပြသခွင့်ရရှိခဲ့ကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အိန္ဒိယတောင်ပိုင်း၏ မှောင်မိုက်နယ်မြေထဲမှ အမျိုးသမီးလေးတစ်ဦးသည် လူမှုအသိုင်းအဝိုင်းထဲတွင် သူတို့၏ မွေးဖွားရာမျိုးရိုးအရ သေဆုံးသူများ၏ အဝတ်အစားများ သန့်ရှင်းရသည့် အလုပ်လုပ်ကိုင်ခဲ့ရသည်။

သူ၏ နေ့စဉ်ဘဝတွင် အကြမ်းဖက်မှုအညစ်အကြေးများနှင့် အထက်တန်းလွှာ၏ဖိအားများ ပြည့်နှက်နေပုံကို လက်တွေ့ဘဝ ဖိအားလှုပ်ရှားမှုများနှင့် အလေးပေးရိုက်ကူးထားသည်။

လူသားတစ်ဦးအနေနှင့် ရိုးရာအရိုက်အရာခံယူလေ့ကျင့်ပြီးနောက် သူ့ဘဝကို ပြောင်းလဲတည်ဆောက်ခဲ့ပုံများကို ကွက်ကွက် ကွင်းကွင်း ရိုက်ကူးတင်ဆက်ထား၍ နိုင်ငံတကာပရိသတ်များ စိတ်ဝင်စားမှု မြင့်မားစွာ ရရှိခဲ့သည်။

(SKY)




## ဂျပန်နာမည်ကြီး သရုပ်ဆောင် Hiroyuki Sanada က စကားလက်ဆောင်ပြောကြား

ဂျပန်အနုပညာလောကတွင် နာမည်ကြီး သရုပ်ဆောင် မင်းသား Hiroyuki Sanada က ပရိသတ်အတွက် စကားလက်ဆောင် ပြောကြားထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Hiroyuki Sanada ပြောခဲ့သည့် စကားလက်ဆောင်တွင် ကိုယ့်အိမ်၌ ရေကူးကန်လိုချင်သူများရှိသလို ရေကူးကန်ရှိပြီး တော်ရုံမသုံးဖြစ်သည့်သူများလည်း ရှိကြသည်။ကိုယ်ချစ်ရသူကို ဆုံးရှုံးဖူးသူများက ဆုံးရှုံးရသည့်ခံစားချက်ကို သိသော်လည်း အချို့က ကိုယ်ချစ်ရသူအနီးတွင် ရှိနေချိန် အကောင်းမပြောခဲ့ကြပေ။

လက်တွဲဖော်ရှိသူများက လိုချင်နေကြပြီး ရှိသူများက တစ်ခါတလေ တန်ဖိုးမထားတတ်ကြ။ ဗိုက်ဆာသူက ထမင်းတစ်ပန်းကန်အတွက် ဘာမဆို လုပ်မည်ဖြစ်သော်လည်း ထမင်းဝသူများက အရသာကို ချေးများတတ်ကြသည်။ ကားမရှိ၍ ကားလိုချင်ပြီး ကားရှိသူများက ပိုမိုကောင်းသည့်ကား လိုချင်ကြသည်။ အဓိကပြောချင်သည်မှာ ကိုယ့်မှာရှိသည့်အရာကို သေချာတန်ဖိုးထားကြည့်တတ်ရန်လိုကြောင်း၊ ကိုယ့်မှာရှိပြီး ကိုယ်တန်ဖိုးမထားသည့်အရာတစ်ခုကို တစ်နေရာရာတွင် တစ်စုံတစ်ယောက်က အသည်းအသန်ကြိုးစားနေရသည်ကို နားလည်ရန် ပြောကြားထားခြင်းဖြစ်သည်။

(SKY)

*-*-*-*-*-*-*

## မိတ်ဖက်နိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်မြှင့်တင်ရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို အိန္ဒိယသို့ရောက်ရှိ



**နယူးဒေလီ မေ ၂၃**

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ရင်းနှီးပွင့်လင်းသော ထိပ်သီးအစည်းအဝေး ပြုလုပ်ခဲ့ပြီး တစ်ပတ်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ပုံမှန်အားဖြင့် သဘောထားချင်းတိုက်ဆိုင်သည့် မိတ်ဖက်နိုင်ငံတစ်ခုနှင့် ဆက်ဆံရေးကို ပြန်လည်မြှင့်တင်ရန်အတွက် ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ မေ ၂၃ ရက်တွင် ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုးကွယ်ယုံကြည်မှုပြင်းထန်သော ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်သည့် အမေရိကန်၏ ထိပ်တန်းသံတမန်သည် ၎င်း၏ လေးရက်ကြာ လေးမြို့ခရီးစဉ်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း မဟာမြို့တော်ဖြစ်သော ကာလကတ္တားမြို့မှ စတင်ခဲ့ပြီး အဆိုပါခရီးစဉ်အတွင်း ကွယ်လွန်သူ မာသာထရီဆာ၏ ကရုဏာရှင်များအသင်းရုံးချုပ်သို့ သွားရောက်လေ့လာခဲ့သည်။

ရူဘီယိုသည် နယူးဒေလီမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာပြီး ညနေပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း သိရသည်။ **Mon**

## ၁၆ နှစ်အောက် ကလေးများနှင့် လူငယ်များ အကောင့်ဖွင့်ခြင်းကို မလေးရှားနိုင်ငံတွင် ကန့်သတ်ရန် သက်ဆိုင်ရာက စီစဉ်ထား

**ကွာလာလမ်ပူ မေ ၂၃**

မလေးရှားနိုင်ငံတွင် လာမည့် ဇွန်လ ၁ ရက်နေ့မှစတင်၍ အသက် ၁၆ နှစ်အောက် ကလေးများနှင့် လူငယ်များ အကောင့်ဖွင့်လှစ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ကို ကန့်သတ်မည့် အကာအကွယ်ပေးရေးအစီအမံများကို ဒီဂျစ်တယ်ပလက်ဖောင်းများ၌ ထည့်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထို့ပြင် ၎င်းတို့၏ ပလက်ဖောင်းများပေါ်တွင် ပိုမိုအားကောင်းသော အကြောင်းအရာစီမံခန့်ခွဲမှုစနစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။

ဒီဂျစ်တယ်ပလက်ဖောင်းများပေါ်ရှိ အန္တရာယ်ရှိသောအကြောင်းအရာများနှင့် လူငယ်များ ထိတွေ့မှုကို လျှော့ချရန် ရည်ရွယ်သည့် အဆိုပါ စည်းမျဉ်းအသစ်များကို မလေးရှား ဆက်သွယ်ရေးနှင့် မီဒီယာစုံကော်မရှင်က မေ ၂၂ ရက်တွင် ကြေညာသည်။

ယင်းစည်းမျဉ်းများသည် အွန်လိုင်းပလက်ဖောင်းများပေါ်ရှိ အန္တရာယ်ကြီးမားသော လုပ်ဆောင်ချက်များအတွက် အသက်အရွယ်နှင့် လိုက်လျောညီထွေရှိသော အကာအကွယ်များနှင့် ကန့်သတ်ချက်များကို ပံ့ပိုးပေးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု မလေးရှား ဆက်သွယ်ရေးနှင့် မီဒီယာစုံကော်မရှင်က အတည်ပြုကြောင်း သိရသည်။ **Mon**

## အာရှ-ပစိဖိတ်ဒေသနှင့် စီးပွားရေးပိုင်း မဟာဗျူဟာ ဆက်ဆံရေး အားကောင်းလာစေရန် ဥရောပသမဂ္ဂ တိုးမြှင့်လုပ်ဆောင်လျက်ရှိ

**ဂျကာတာ မေ ၂၃**

ဥရောပသမဂ္ဂသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆက်ဆံရေးကို ပြန်လည်ညှိနှိုင်းနေသကဲ့သို့ အာရှ-ပစိဖိတ်ဒေသနှင့် စီးပွားရေးပိုင်းဆိုင်ရာ မဟာဗျူဟာမြောက်ဆက်ဆံရေး အားကောင်းလာစေရန် ကြိုးပမ်းမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုသီတင်းပတ်အတွင်း ဥရောပသမဂ္ဂနှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်တစ်ခု ရရှိခဲ့သော်လည်း ပိုမိုစိတ်ဝမ်းကွဲပြားလာသည့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်တွင် ဥရောပ၏ ရပ်တည်ချက်နှင့်ပတ်သက်၍ မေးခွန်းများ ရှိနေဆဲဖြစ်သည်။

ကြီးမားသော မှတ်တိုင်တစ်ခုမှာ ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပြီး နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတွက် ညှိနှိုင်းမှုများကို ယခုနှစ်အစောပိုင်းတွင် အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့အကြား နောက်ဆုံး၌ အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## ပါကစ္စတန် တာဝန်ရှိသူများ ပဋိပက္ခကို အဆုံးသတ်ရေးဆွေးနွေးရန် အီရန်သို့ရောက်ရှိနေ

**တီဟီရန် မေ ၂၃**

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အစ္စရေး၊ အမေရိကန်နှင့် အီရန်တို့အကြား ပဋိပက္ခကို အဆုံးသတ်ရန် လက်ရှိလုပ်ဆောင်နေသည့် ကြားဝင်စေ့စပ်ရေး ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါကစ္စတန် တပ်မတော်အကြီးအကဲ ဖီးလ်မာရှယ် အာဆင်မူနီယာနှင့် တာဝန်ရှိသူများ အီရန်နိုင်ငံသို့ ရောက်ရှိနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မူနီယာသည် မေ ၂၂ တွင် တီဟီရန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ပါကစ္စတန်တပ်မတော်က အတည်ပြုကြေညာသည်။

၎င်းရောက်ရှိလာချိန်တွင် အီရန်ပြည်ထဲရေးဝန်ကြီး အက်စကန်ဒါမိုမေနီက ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ထိုသို့ကြိုဆိုရာတွင် ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး မိုဆင်နက်ဗီလည်း တက်ရောက်ခဲ့သည်။

ယခုခရီးစဉ်သည် အရှေ့အလယ်ပိုင်း ပဋိပက္ခအဆုံးသတ်ရေးအတွက် ပါကစ္စတန်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးရန် ကြိုးပမ်းမှုများအတွင်း မူနီယာ တီဟီရန်မြို့တော်သို့ ဒုတိယအကြိမ်မြောက် သွားရောက်ခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## သမိုင်းတစ်လျှောက် အကြီးမားဆုံးနှင့် စွမ်းအားအရှိဆုံး ဒုံးပျံကို အီလွန်မတ်စ်၏ စပေ့စ်အိပ်စ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် မေ ၂၃**

အများမျှော်လင့်စောင့်စားခဲ့ကြရသည့် စမ်းသပ်ပျံသန်းမှုကို ရွှေ့ဆိုင်းရပြီးနောက် အီလွန်မတ်စ်၏ စပေ့စ်အိပ်စ်ကုမ္ပဏီ သမိုင်းတစ်လျှောက် အကြီးမားဆုံးနှင့် စွမ်းအားအရှိဆုံး ဒုံးပျံကို ယမန်နေ့က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိပ်စ်က စံချိန်တင် စတော့ဈေးကွက်အဖွင့် အစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့ပြီး ရက်ပိုင်းအကြာ မေ ၂၂ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲ (ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၃၀ မိနစ်) အလွန်တွင် လူမပါသော စတားရှစ် ဗားရှင်း ၃ ဒုံးပျံ တက္ကဆက်ပြည်နယ်မှ ပျံတက်ခဲ့သည်။

အာကာသထဲသို့ ရောက်ရှိသွားချိန်တွင် စတားရှစ်သည် တုပပြုလုပ်ထားသော ဂြိုဟ်တုအလုံး ၂၀ ကို ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ချထားခဲ့ပြီးနောက် ကမ္ဘာ့လေထုထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ကာ လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အိန္ဒိယသမုဒ္ဒရာထဲသို့ ကျရောက်၍ စီစဉ်ထားသည့်အတိုင်း ပေါက်ကွဲသွားခဲ့သည်။

ခန့်မှန်းရခက်ခဲသော ပထမဆုံး စတားရှစ် ဗားရှင်း ၃ လွှတ်တင်မှုနှင့် ဆင်းသက်မှု အောင်မြင်သည့်အတွက် စပေ့စ်အိပ်စ်အဖွဲ့အား ဂုဏ်ယူပါကြောင်းနှင့် ၎င်းတို့သည် လူသားမျိုးနွယ်အတွက် ရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း မတ်စ်က အိပ်စ်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။ **Mon**



STOP
AIDS

## တီယန်ကောင်းအာကာသစခန်းသို့သွားမည့် ခရီးစဉ်တွင် ဟောင်ကောင်အာကာသယာဉ်မှူးတစ်ဦး ပူးပေါင်းပါဝင်မည်

**ပေကျင်း မေ ၂၃**

တရုတ်နိုင်ငံက လပေါ်သို့ လူသားများစေလွှတ်မည့် ၎င်း၏ ရည်မှန်းချက် အောင်မြင်ရန် နီးကပ်လာစဉ် ဟောင်ကောင်အာကာသယာဉ်မှူးတစ်ဦး မေ ၂၄ တွင် လွှတ်တင်မည့် သုံးဦးအဖွဲ့တွင် ပထမဆုံးအကြိမ် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပုံမှန်အားဖြင့် ခြောက်လလျှင်တစ်ကြိမ် အလှည့်ကျတာဝန်ယူရသော အာကာသယာဉ်မှူးသုံးဦးစီပါဝင်သည့် အဖွဲ့များဖြင့် လည်ပတ်နေသည့် တီယန်ကောင်းအာကာသစခန်းသည် အမေရိကန်နှင့် ရုရှားတို့ကို ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတော်က ငွေကြေးဘီလီယံနှင့်ချီ၍ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံ အာကာသအစီအစဉ်၏ အဓိကအကျဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ရှင်ကျိုး-၂၃ အာကာသခရီးစဉ်သည် ဒေသစံတော်ချိန် မေ ၂၄ ည ၁၁ နာရီ ၈ မိနစ်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ပျံတက်မည်ဖြစ်ပြီး အာကာသစခန်းသို့ အာကာသယာဉ်မှူး သုံးဦးကို ပို့ဆောင်မည်ဖြစ်ကြောင်း တရုတ်လူလိုက်ပါသော အာကာသအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ကျန်းကျင့်ပေါ်က သတင်းထောက်များကို ပြောကြားသည်။

အဆိုပါအဖွဲ့တွင် ဟောင်ကောင်၏ ပထမဆုံးအာကာသယာဉ်မှူးအဖြစ် နိုင်ငံပိုင်မီဒီယာများက ချီးကျူးဂုဏ်ပြုထားသည့် လိုင်ကာယင်၊ ကျူယန်ကျူးနှင့် ကျန်းကျိုယွမ်တို့ ပါဝင်ကြောင်း သိရသည်။

**Mon**



## အိမ်သုံးဆားအရောင်းဆိုင်များ၌ အိုင်အိုဒင်းဆားပါဝင်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**တောင်တွင်းကြီး မေ ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် မြို့မဈေးကြီးအတွင်း လက်လီရောင်းချလျက်ရှိသော အိမ်သုံးဆား အရောင်းဆိုင်များသို့ မေ ၂၂ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးမှူး ဦးခင်မောင်ရီက အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် ထည့်သွင်းစားသုံးဖို့ အလွန်အရေးကြီးပါကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ ကလေးငယ်များနှင့် ကလေး၊လူကြီးမရွေးဖြစ်ပွားလာမည့် ရောဂါများအကြောင်း အရေးကြီးဆုံးအချက်ဖြစ်သည့် အိုင်အိုဒင်းချို့တဲ့မှုကြောင့် တိုင်းပြည် အနာဂတ်ဖြစ်သော ကလေးငယ်များတွင် ပုညက်ခြင်း၊ဉာဏ်ရည်ချို့တဲ့ခြင်းတို့ဖြစ်တတ်သောကြောင့် လေ့လာသင်ယူနိုင်စွမ်း ကုန်ထုတ်လုပ်နိုင်စွမ်းအားများ ကျဆင်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ထိခိုက်လာနိုင်သည်အထိ အန္တရာယ်ကြီးမားလျက်ရှိကြောင်း ဗဟုသုတဖြစ်ဖွယ် ဆွေးနွေးပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စည်ပင်နှင့် ဈေးတာဝန်ခံရုံးမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့တို့က ဈေးအတွင်း ရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ၊ မရှိအား Iodized salt test kit for salt fortified with POTASSIUM IODATE ဖြင့် လက်တွေ့စမ်းသပ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

နောင်နောင်(မိဿနိုးမြေ)



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြ

**ညောင်ဦး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနက နိုင်ငံတော်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝန်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ အရေးပေါ် မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်း သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကို မီးဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျ မီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် မွန်းလွဲ ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် ၆၉ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဇရပ်ကွင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးမြို့မှ မိုးကုတ်မြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ အောင်သိန်းအေး (၃၀)နှစ်ဆိုသူ မောင်းနှင်လာသော CANTER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာနေ မဇင်မာအောင်(၂၂)နှစ်ဆိုသူမောင်းနှင်လာသည့် HONDA SCOOPYI ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မဇင်မာအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အောင်သိန်းအေးဆိုသူအား သပိတ်ကျင်းမြို့မရဲစခန်းဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပျဉ်းမနား မေ ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ တောင်သာကျေးရွာနေ ဒေါ်တုတ်(၅၄)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်း၏နေအိမ်၌ တစ်ရွာတည်းနေ ဒေါ်သင်းသင်းမြတ်(၅၄)နှစ်ဆိုသူနှင့်အတူ နှစ်လုံးထီလောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ပျဉ်းမနားမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီခွဲတွင် ဇေယျာဝတီတိုင်းဒေသကြီး၊ အင်ပူမြို့နယ်၊ ကွင်းကောက်-အင်ပူသွားကားလမ်း သံလမ်းကူးလမ်းဆုံ၌ အင်ပူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သတင်းအရ စောင့်ဆိုင်းနေစဉ် ကွင်းကောက်မြို့မှ အင်ပူမြို့ဘက်သို့ ကုန်းတောင်နီကျေးရွာနေ ကိုသက်ပိုင်စိုး(၃၃)နှစ်ဆိုသူ မောင်းနှင်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက် နေ မဆောင်းသဇင်နွယ်(ခ)ဆောင်းဦး(၂၂)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA DREAM 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မဆောင်းသဇင်နွယ်(ခ) ဆောင်းဦးဆိုသူ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ နှစ်လုံး ထီဂဏန်းများနှင့် ငွေတန်ဖိုးများအား ရေးသားပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် မဆောင်းသဇင်နွယ်(ခ)ဆောင်းဦးဆိုသူအား အင်ပူမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၇) ရပ်ကွက်နေ ဒေါ်ခင်စိန်(ခ)ဒေါ်စိန်(၇၈)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အပေါ်ထပ်ဝရန်တာ၌ ဒေါ်ခင်စိန်(ခ)ဒေါ်စိန်၊ တစ်ရပ်ကွက်တည်းနေ ဦးအောင်ဇော်မွန် (၄၈)နှစ်၊ဒေါ်ငွေးငွေးစိန်(ခ)ဒေါ်ငယ်လေး(၆၃)နှစ်ဆိုသူနှင့် တောင်ကြီးမြို့နယ်၊ ညောင်ဖြူစခန်းရပ်ကွက်နေ ဒေါ်ချိုထွေး(ခ)မချို(၄၆)နှစ် ဆိုသူတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် ၎င်းတို့လေးဦးအား အေးသာယာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။



အဆိုပါ နေအိမ်ဘုရားခန်းရှေ့တွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၈)ရပ်ကွက်နေ ဒေါ်ခင်သန်းညွန့်(ခ) စန်းနေ (၅၄)နှစ်ဆိုသူ၊ တစ်ရပ်ကွက်တည်းနေ ဒေါ်စိန်အေး(ခ) ဒေါ်နီနီဝင်း(၅၇)နှစ်ဆိုသူနှင့် အမှတ်(၇)ရပ်ကွက်နေ ဒေါ်မြမာလာခိုင်(ခ)မာလာ (၄၈)နှစ်ဆိုသူတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အိမ်ရှင်ဖြစ်သူ ခင်စိန်(ခ)ဒေါ်စိန်နှင့် ခင်သန်းညွန့်(ခ) စန်းနေ(ပါ-၃)ဦး ဆိုသူတို့အား အေးသာယာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီးတွင် နေမင်းဦးဆိုသူ မောင်းနှင်ပြီး ဘောဇဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဖြူအလေးချိန် ၂၅ ဂရမ်နှင့် လက်ကိုင်ဖုန်းလေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နေမင်းဦး(၄၅)နှစ်နှင့် ဘောဇ(၅၆)နှစ်ဆိုသူတို့အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြ

နေပြည်တော် မေ ၂၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်နှင့်စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အချို့သည် အမျိုးမျိုးသောနှောင့်ယှက်ဟန့်တားမှုပယောဂများကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်သူလူထု၏ သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဖြစ်ရာ ဝန်နှင့်အားမမျှတော့ဘဲ ရှန်းကန်နေရသည့် အခြေအနေဖြစ်သည်။

လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာသွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက်ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်သည်။

ထို့ပြင် အချို့သောဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှုမရှိတော့သည့်အတွက် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာစွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းနေရသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ဓာတ်အားစနစ်ကွန်ရက်အခြေပြပုံ။





လျှပ်စစ်ဓာတ်အားပေးစနစ်တစ်လျှောက် ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။





လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုကို တွေ့ရစဉ်။



သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြင်ဆင်နေမှုကို တွေ့ရစဉ်။



လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုကို တွေ့ရစဉ်။




ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုများကို တွေ့ရစဉ်။

# သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ဆောင်ရွက်

မြို့သစ် မေ ၂၃

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကို မေ ၁၉ ရက် မွန်းလွဲ ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က သက်ကြီးရွယ်အိုများ၏ အသက်အရွယ်၊ သက်ကြီးရွယ်အိုများနှင့်သက်ဆိုင်သည့်ဥပဒေနည်းဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဖြစ်ပေါ်လာပုံ၊ သက်ကြီးဘိုးဘွားများအတွက် လူမှုရေးပင်စင်လျှောက်ထားနိုင်သည့် အသက်အရွယ်နှင့် လျှောက်ထားရန် လိုအပ်သည့်အချက်အလက်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများ၊ သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍ ဖြစ်မှုဖြစ်ဒဏ် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

ဝင်းအိစွန်(ပြန်/ဆက်)




အသက်သည် သွေး၊
သွေးသည် အသက်။

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး NGB
ဘိုလော့ဂ်နာ ၃ - ၃ အင်တာမီလန်

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Ignacio Buse တက်ရောက်



**ဟမ်းဘတ် မေ ၂၃**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပီရူးတင်းနစ်ကစားသမား Ignacio Buse တက်ရောက်ခဲ့သည်။

အဆိုပါ ပီရူးတင်းနစ်ကစားသမား Ignacio Buse သည် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic အား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပီရူးတင်းနစ်ကစားသမား Ignacio Buse နှင့် အမေရိကန်တင်းနစ် ကစားသမား Tommy Paul တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## နည်းပြ ကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် မန်ယူအသင်းခန့်အပ်

**လန်ဒန် မေ ၂၃**

မန်ယူအသင်းသည် အသင်းယာယီနည်းပြ ကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်အမှတ်ပေးဇယား အဆင့်(၃)နေရာသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အသင်းက အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကာရစ်သည် မန်ယူအသင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၆ပွဲတွင် ၁၁ပွဲနိုင်၊ သုံးပွဲ သရေ၊ နှစ်ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၄)နှစ်အရွယ်ရှိ နည်းပြ ကာရစ်က "အခုလို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## မိုင်ကိုလန်ကို အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၂၃**

အဲဗာတန်အသင်းသည် အသင်းနောက်ခံကစားသမား မိုင်ကိုလန်ကိုအား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၈ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်း၏ ထုတ်ပြန်ချက်တွင် "မိုင်ကိုလန်ကိုအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ ကျန်ရှိနေတဲ့ ကစားသမားတွေကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)






## ပြင်သစ်ဖလား ချန်ပီယံဆုကို လန်းစ်အသင်း ဆွတ်ခူး

**လန်ဒန် မေ ၂၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ချန်ပီယံဆုကို လန်းစ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

လန်းစ်အသင်းသည် ပြင်သစ်ဖလား ဗိုလ်လုပွဲစဉ်တွင် နိစ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လန်းစ်အသင်းသည် အသင်း၏ ၁၂၄နှစ်တာသမိုင်းတွင် ပြင်သစ်ဖလား ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

လန်းစ်အသင်း၏ ထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို ပြင်သစ်ဖလား ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။အသင်းအခုလို ချန်ပီယံဖြစ်အောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(NGB)

## အိန်ဂျယ်အာလာကွန်ကို အူထရက်ချ်အသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် မေ ၂၃**

အူထရက်ချ်အသင်းသည် ပေါ်တိုအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား အိန်ဂျယ်အာလာကွန်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် အူထရက်ချ်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။



တောင်ပံကစားသမား အိန်ဂျယ်အာလာကွန်သည် ပေါ်တိုအသင်းမှ အူထရက်ချ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၃ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အူထရက်ချ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အိန်ဂျယ်အာလာကွန်က "ကျွန်တော် အူထရက်ချ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရသည့်အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## ကော့စတင်ဟာကို ခေါ်ယူရန် ဘရိုက်တန်အသင်း စီစဉ်

**လန်ဒန် မေ ၂၃**

ဘရိုက်တန်အသင်းသည် အိုလံပီယာကို့စ်အသင်း နောက်ခံကစားသမား ကော့စတင်ဟာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အိုလံပီယာကို့စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အိုလံပီယာကို့စ်အသင်းကလည်း ကော့စတင်ဟာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘရိုက်တန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အိုလံပီယာကို့စ်အသင်းထံမှ ကော့စတင်ဟာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၅-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၄)ပါးမား - ဆက်ဆူအိုလို(၁၁)<br>(W,W,L,L,L) (W,D,W,L,L) | ပါးမား ၁-၃ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၁-၁ ပါးမား |
| ၂၄-၅-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၂)နာပိုလီ - အူဒီးနိစ်(၁၀)<br>(L,W,D,L,W) (L,D,W,W,L) | နာပိုလီ ၁-၁ အူဒီးနိစ်<br>အူဒီးနိစ် ၁-၃ နာပိုလီ |
| ၂၅-၅-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၃)အေစီမီလန် - ကက်ဂလီယာရီ(၁၆)<br>(W,D,L,L,W) (L,W,D,L,W) | အေစီမီလန် ၁-၁ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၃-၃ အေစီမီလန် |
| ။ | (၁၈)ခရီမိုနီစီ - ကိုမို(၅)<br>(D,L,L,W,W) (L,W,D,W,W) | ——— |
| ။ | (၁၉)ဗီရိုနာ - ရိုးမား(၄)<br>(L,D,D,L,D) (D,W,W,W,W) | ဗီရိုနာ ၃-၂ ရိုးမား<br>ရိုးမား ၁-၀ ဗီရိုနာ |
| ။ | (၁၇)လက်ချီ - ဂျီနိုအာ(၁၅)<br>(D,D,W,L,W) (W,L,D,D,L) | လက်ချီ ၀-၀ ဂျီနိုအာ<br>ဂျီနိုအာ ၂-၁ လက်ချီ |
| ။ | (၁၂)တိုရီနို - ဂျူဗင်တပ်(၆)<br>(D,D,L,W,L) (W,D,D,W,L) | တိုရီနို ၁-၁ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၀ တိုရီနို |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၅-၂၀၂၆<br>ည ၉း၃၀ နာရီ | (၇)ဘရိုက်တန် - မန်ယူ(၃)<br>(D,W,L,W,L) (W,W,W,D,W) | ဘရိုက်တန် ၂-၁ မန်ယူ<br>မန်ယူ ၁-၃ ဘရိုက်တန် |
| ။ | (၁၉)ဘန်လေ - ဝုဗ်(၂၀)<br>(L,L,L,D,L) (L,L,D,L,D) | ဘန်လေ ၁-၁ ဝုဗ်<br>ဝုဗ် ၁-၀ ဘန်လေ |
| ။ | (၁၅)ပဲလေ့စ် - အာဆင်နယ်(၁)<br>(L,W,D,L,D) (D,W,W,W,W) | ပဲလေ့စ် ၁-၅ အာဆင်နယ်<br>အာဆင်နယ် ၂-၂ ပဲလေ့စ် |
| ။ | (၁၃)ဖူလ်ဟမ် - နယူးကmaterial(၁၁)<br>(D,W,L,L,D) (L,L,W,D,W) | ဖူလ်ဟမ် ၃-၁ နယူးကာဆယ်<br>နယူးကာဆယ် ၁-၂ ဖူလ်ဟမ် |
| ။ | (၅)လီဗာပူး - ဘရန့်ဖို့ဒ်(၉)<br>(W,W,L,D,L) (D,L,W,L,D) | လီဗာပူး ၂-၀ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၀-၂ လီဗာပူး |
| ။ | (၂)မန်စီးတီး - အက်စတွန်ဗီလာ(၄)<br>(D,W,W,W,D) (L,W,D,W,W) | မန်စီးတီး ၂-၁ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၂-၁ မန်စီးတီး |
| ။ | (၁၆)နော်တင်ဟမ် - ဘုန်းမောက်(၆)<br>(W,W,L,D,L) (W,D,W,W,D) | နော်တင်ဟမ် ၁-၁ ဘုန်းမောက်<br>ဘုန်းမောက် ၅-၀ နော်တင်ဟမ် |
| ။ | (၁၀)ဆန်းဒါးလန်း - ချဲလ်ဆီး(၈)<br>(L,L,D,D,W) (W,L,D,L,W) | ဆန်းဒါးလန်း ၀-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၅-၁ ဆန်းဒါးလန်း |
| ။ | (၁၇)စပါး - အဲဗာတန်(၁၂)<br>(D,W,W,D,L) (L,L,D,D,L) | စပါး ၄-၀ အဲဗာတန်<br>အဲဗာတန် ၃-၂ စပါး |
| ။ | (၁၈)ဝက်စ်ဟမ်း - လိဒ်စ်(၁၄)<br>(D,W,L,L,L) (D,L,W,D,W) | ဝက်စ်ဟမ်း ၃-၁ လိဒ်စ်<br>လိဒ်စ် ၂-၂ ဝက်စ်ဟမ်း |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၅-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၃)ဗီလာရီးရဲလ် - အက်သလက်တီကို(၄)<br>(W,W,D,L,L) (W,L,L,W,W) | ဗီလာရီးရဲလ် ၂-၂ အက်သလက်တီကို<br>အက်သလက်တီကို ၁-၁ ဗီလာရီးရဲလ် |

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို ချောက်မြို့ နယ်မြေမီးသတ်စခန်းသစ်ဖွင့်ပွဲတက်ရောက် ဖွင့်လှစ်




**ချောက် မေ ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ချောက်မြို့၊ အမှတ် (၉) ရပ်ကွက်၊ ဈေးရပ်ရှိ နယ်မြေမီးသတ်စခန်းသစ်ဖွင့်ပွဲကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက မေ ၂၂ ရက် နံနက် ၁၀ နာရီက တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် နယ်မြေမီးသတ်စခန်းသစ်အား သက်ဆိုင်ရာဆောက်လုပ်ရေးတာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က လွှဲပြောင်းလက်ခံရယူခဲ့ပြီး အဆိုပါ မီးသတ်စခန်းသစ်၏ အဆောက်အအုံပေ(၄၅×၅၀×၂၆) RC(၂)ထပ် တန်ဖိုးငွေကျပ် ၃၅၀ ဒသမ ၁ သန်းရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရန်မီးသတ်တူညီဝတ်စုံများ ပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက လက်ခံရယူခဲ့ပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံမြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များဖြင့် တွေ့ဆုံပြီး ချောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ်၌ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၂၃**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်မှ ကြီးမှူး၍ အင်္ဂလိပ်စာဌာနမှ ဦးစီးပြီး ရက် (၁၀၀)စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်အရ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) သင်တန်းဆင်းပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂၌ ကျင်းပရာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာ အိအိစိုးမင်းနှင့် သင်တန်းပို့ချခဲ့သည့် ဆရာ၊ ဆရာမများ၊ အမရပူရခရိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် အမရပူရမြို့နယ်မှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီက ပြည်ကြီးတံခွန်မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အမရပူရခရိုင်ပညာရေးမှူး ဒေါ်ထုလွှမ်က သင်တန်းပို့ချပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းသို့ အမရပူရမြို့နယ်မှ သင်တန်းသား ဆရာ၊ ဆရာမ ၅၀ ဦးနှင့် ပြည်ကြီးတံခွန်မြို့နယ်မှ သင်တန်းသား ဆရာ၊ ဆရာမ ၅၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၂၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၈၂)**

## အခြေခံပညာကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းနှင့် ခြင်နှိမ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်ရွှေ မေ ၂၃**

အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ခြင်ပုန်းခြင်ကြားများ ခိုအောင်းပေါက်ဖွားမှုမရှိစေရေး၊ ပိုလောက်လန်းများ မပေါက်ဖွားရေးအတွက် ကျောင်းဝန်းအတွင်းရှိ ရေတွင်းရေကန်များအတွင်း လောက်လန်းနှိမ်နင်းရေး ဆေးများခတ်ခြင်း၊ ကျောင်းစာသင်ခန်းများနှင့် ဝန်းကျင်တွင် ခြင်နှိမ်ဆေးမှုတ်ခြင်းလုပ်ငန်းများ မေ ၂၁ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဆေးခပ်ခြင်းနှင့် ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိုးရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်မိခင်နှင့်အလေးစောင့်ရှောက်ရေးအသင်းတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**



## ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

**ပုသိမ်ကြီး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မအုပ်စု၊ အောင်မင်္ဂလာ (၁)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(အ.ထ.က-ပုသိမ်ကြီး)တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်ပညာရေးမှူးဦးသိန်းဒန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" မြေစိုက် ပိုစတာ စိုက်ထူခဲ့ပြီး အမွေးနံ့သာရည်များ ပက်ဖျန်း၍ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စာနည်ကိုကို ပြန်/ဆက်**

## ကြက်သွန်ဖြူအထွက်နှုန်းကောင်းသဖြင့် တောင်သူများ အဆင်ပြေ

**ကျောက်တလုံးကြီး မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ဆောင်းရာသီတွင် စိုက်ပျိုးခဲ့သော ကြက်သွန်ဖြူစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ခဲ့၍ လက်ရှိရိတ်သိမ်းပြီးချိန်တွင် ကြက်သွန်ဖြူအထွက်နှုန်းကောင်းလျက်ရှိသည်။

ကြက်သွန်ဖြူများကို စိုက်ပျိုးရာ၌ မိုးစပါးများ ရိတ်သိမ်းပြီးကာလတွင် လယ်မြေများ ထွန်ရေးညက်အောင် ပြုပြင်ကာ ပေါင်ဖော်ပြီး မြေအောင်းအဖြစ် နွားချေးနှင့် ဒီစူပါမြေဩဇာထည့်ကာ တစ်ပင်နှင့်တစ်ပင်နှစ်လက်မ၊ တစ်တန်းနှင့် တစ်တန်းလေးလက်မခွာ၍ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး တစ်ပတ်အကြာ ပေါင်းပင်များ နှိမ်နင်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့် တစ်ပတ်လျှင် တစ်ကြိမ် ရေပက်ဖျန်းခြင်းကို ဆောင်ရွက်ကြောင်း၊ လေးပတ်ကြာလျှင် ပုလဲနှင့် အာမိုရ်မြေဩဇာထည့်သွင်းပေးပြီး ပေါင်းပင်များကို နှစ်လအရွယ်အထိ နှိမ်နင်းပေးရကြောင်း၊ ရက်ပေါင်း(၉၀)အကြာတွင် ကြက်သွန်ဖြူများစဖူး၍ ကြက်သွန်ဖြူဥကြီးထွားရန် အဖူးများကို ခူးချွေပေးရသည်။

အဆိုပါ ကြက်သွန်ဖြူ စိုက်ပျိုးသည့် ရက်ပေါင်း (၁၂၀) ခန့်အကြာတွင် ပင်စည်နှင့်အရွက် ဝါလာပါက လက်ဖြင့် ဆွဲနုတ်သိမ်းယူနိုင်ကြောင်း၊ ကြက်သွန်ဖြူ ပိဿာချိန် (၁၀၀) စိုက်ပျိုးလျှင် စံနှုန်းအရ ပိဿာချိန် ၈၀၀ မှ ၁၂၀၀ ကြား ထွက်ရှိနိုင်ကြောင်း၊ ယခုနှစ်အတွင်း ကြက်သွန်ဖြူဥများ အရည်အသွေးပြည့်မီပြီး အထွက်နှုန်းကောင်းကာ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ခန့်ရရှိသဖြင့် မိသားစုဝင်ငွေတိုး၍ အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသူ ဒေါ်နန်းစောထံက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

**မိုင်းပျဉ်း မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ယမ်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာ၌ မိုင်းပျဉ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးထက်က စပါးအထွက်နှုန်းတိုးမြှင့်ရေး၊ မျိုးကောင်းမျိုးသန့် သီးနှံစားပင်များ စိုက်ပျိုးနိုင်ရေးနှင့် သဘာဝသစ်ဆွေးမြေဩဇာများ ပြုလုပ်သုံးစွဲပုံအဆင့်ဆင့်အကြောင်းတို့ကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်သန်းက ကျွဲ၊ နွား၊ ကြက်၊ ဝက်စသဖြင့် မွေးမြူကြရာ၌ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားတတ်သော ရောဂါအမျိုးအစားများအကြောင်းတို့ကိုလည်းကောင်း အလှည့်ကျ ဆွေးနွေးဟောပြောကြရာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝိုးစိန်တို့က ရှမ်းဘာသာများဖြင့် ပြန်လည်ရှင်းလင်းဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးမွေးမြူရေးအသိပညာပေး ကွင်းဆင်းရာ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့က စုပေါင်းကွင်းဆင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ဝမ်ယမ်းကျေးရွာကျေးလက်ပြည်သူများ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ချမ်းသာရတံတား အောင်မြေမင်္ဂလာတံတားတို့အား ပြန်လည်ပြုပြင်ရန် ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့် သင်္ဂဇာချောင်းကူးတံတားများဖြစ်သော သီရိဟေမာအနောက်ရပ်ကွက်ရှိ ချမ်းသာရတံတား၊ ဒေးဝန်းအနောက်ရပ်ကွက်ရှိ အောင်မြေမင်္ဂလာတံတားတို့အား ပြန်လည်ပြုပြင်ရန်အတွက် မေ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုထွေးနှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှူး ဦးစိုးနှင်းသိန်း၊ မြို့နယ်ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးဦးစန်းမောင်ကော်မတီဝင်ဦးအောင်သူဝင်းတို့ ကွင်းဆင်းစစ်ဆေးကြသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် လမ်းတံတားဌာနမှူးတို့အား သီရိဟေမာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ ဒေးဝန်းအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်း၊ ချမ်းသာရဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆိုပါ တံတားကြီးနှစ်စင်းအား အများပြည်သူ အသုံးပြုသွားလာနိုင်စေရန် အတွက် ပြုပြင်ပေးနိုင်ရန် လိုက်လံရှင်းလင်းတင်ပြကြပြီး ပျက်စီး ယိုယွင်းလျက်ရှိသော တံတား နှစ်စင်းအား ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၁)



## ဓနုဒေသ ပင်းတယမြို့နယ်တွင် သရက်သီးနံပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိ



**ရှမ်းပြည်နယ် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်(၁၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာနယ်မြေဒေသ အသီးသီး၌ရှိသော ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စိုက်ပျိုးဆောင်ရွက်ထားသော သရက်သီးနံပင်များပေါ်တွင် ယခုမေလ ဒုတိယပတ်ရောက်ရှိလာချိန် သရက်သီးများ ပေါများစွာ ပွင့်သီးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ဓနုဒေသ ပင်းတယမြို့ပေါ် ငှက်ပျောတောရပ်ကွက်၊ ဆင်ခေါင်းရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ဟော်ကုန်းရပ်ကွက်၊ အနောက်အုပ်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ရွာငယ်ရပ်ကွက် စသည့် ရပ်ကွက်များနှင့် မိုင်းလီကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာအုပ်စု၊ ရေဖြူကျေးရွာအုပ်စု၊ ထိုးပုံကျေးရွာအုပ်စု၊ ကျုံးကျေးရွာအုပ်စု၊ ပွေးလှကျေးရွာအုပ်စု၊ ကူးကော်ကျေးရွာအုပ်စု၊ သရပ်ကုန်းကျေးရွာအုပ်စု၊ တမဲကျေးရွာအုပ်စု အစရှိသည့် ရပ်ကွက်နှင့်ကျေးရွာ ဥယျာဉ်ခြံမြေများ၌ နှစ်ရှည်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများ အပင်ရေ ၁၀၀မှ ၃၀၀၀ ပင်ရေစိုက်ပျိုးထားပြီး ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စု ကျေးရွာဥယျာဉ်ခြံမြေများတွင် မိသားစုစားဝတ်နေရေးအတွက် ပင်ရေအနည်းငယ် စိုက်ပျိုးထားကြသည့် သရက်သီးနံပင်များဖြစ်သော ရွှေဟင်္သာသီး၊ စိန်တစ်လုံးသီး၊ ရင်ကွဲသီး အစရှိသော သရက်သီးများပေါများ အောင်မြင်စွာဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ ဓနုဒေသပင်းတယမြို့နယ်ဥယျာဉ်ခြံ(ဒေသအခေါ် သရက်ခြံ)သရက်ပင်များမှကောင်းမွန်အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် သရက်သီးများ မကြာမီရင့်မှည့်တော့မည်ဖြစ်သဖြင့် ဇွန်လလယ်မှစတင်၍ နီးစပ်ရာမြို့နယ်များနှင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ မိတ္ထီလာ အစရှိသော မြို့ကြီးများသို့ ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ရောင်းချပေးနိုင်ရန် ကြိုးစားလျက်ရှိကြောင်းနှင့် ဓနုဒေသ ပင်းတယမြို့နယ်လုံးဆိုင်ရာ စိုက်ပျိုးစီးပွားရေးအတွက် ဒေသထွက်သီးနှံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် သီးနှံကုန်စည်ဈေးကွက်ပေါ်ထွန်းစေချင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၃၈)

## စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(လက်ပံပျား)မှ ကျောင်းသား ၊ ကျောင်းသူများ ၆၆/၁၁ ကေဗွီ(ဓါတ်အားခွဲရုံ)၌ ကွင်းဆင်းလေ့လာ

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (လက်ပံပျား)မှ လျှပ်စစ်အတတ်ပညာ(Grade-12) ကျောင်းသား၊ ကျောင်းသူများ မေ ၂၂ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့နယ်ရှိ ၆၆/၁၁ကေဗွီ၊ ၂၀ အမ်ဗွီအေ (ဓါတ်အားခွဲရုံ)သို့ ကွင်းဆင်းလေ့လာခဲ့ကြရာ မြို့နယ်မန်နေဂျာနှင့်တာဝန်ခံ အင်ဂျင်နီယာများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (လက်ပံပျား)မှ ကထိကများဖြစ်ကြသည့် ဒေါ်ရွှေလှိုင်နှင့် ဒေါ်နှင်းနုနုစိုးတို့ ဦးဆောင်သည့် လျှပ်စစ်အတတ်ပညာ (Grade-12) ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးတို့မှ ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး လက်အောက်ရှိ ၆၆/၁၁ KV , ၂၀ MVA ဓါတ်အားခွဲရုံသို့ ကွင်းဆင်း လေ့လာခဲ့ကြရာ ၆၆/၁၁ KV ဓါတ်အားခွဲရုံ ၄ ရုံဖြင့် မြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာ ၃၂၀ တို့အား ဓါတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ၄င်းတို့အနက် ၆၆/၁၁ KV , ၂၀MVA ဓါတ်အားခွဲရုံမှ ဓါတ်အား လက်ခံဖြန့်ဖြူးမှု၊ ထိန်းသိမ်းမောင်းနှင်မှု လုပ်ငန်းစဉ်များကို မြို့နယ်မန်နေဂျာ ဒေါ်မေကလျာအုံ၊ မြို့နယ်အင်ဂျင်နီယာ ဦးကျော်မိုးနှင့် ဦးစန်းမောင်(ခွဲရုံမှူး)တို့က လိုက်လံရှင်းလင်းပြသကြသည်။



ထို့နောက် ထိန်းချုပ်ခန်းအတွင်းရှိ Circuit Braker များ အလုပ်လုပ်ပုံ၊ Switch Yard အတွင်းရှိ LA, DSE, PT, CT, Ds, GCB, Transformer များ၏ လုပ်ငန်းလုပ်ဆောင်မှုများကို ခွဲရုံမှူးနှင့် မြို့နယ်အင်ဂျင်နီယာတို့က ကျောင်းသား၊ ကျောင်းသူများအား အသေးစိတ်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၅၆)

## အ-ထ-က(မတ္တရာ)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မတ္တရာ မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျောင်းဖွင့်ချိန် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ စာပေသင်ကြားနိုင်ရေးနှင့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ ပူးပေါင်း၍ အမှတ်(၂) ရပ်ကွက်ရှိ အ·ထ·က (မတ္တရာ)တွင် မေ ၂၃ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တပ်မတော်သားများ ပူးပေါင်း၍ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

စိုးကျော်သူထွေး



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ယခုမိုးရာသီ Rice Export Zone ကော သုံးသိန်းခွဲ ဖော်ဆောင်မည်

အခု မိုးရာသီကာလ Rice Export Zone ဖော်ဆောင်ရာမှာ အနည်းဆုံးဧက သုံးသိန်းခွဲ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ထုတ်ပြန်ထားသည်။

မေ ၂၀ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆန်၊ ဆန်ကွဲ တင်ပို့သည့် ကုမ္ပဏီ ၃၀ တို့ တွေ့ဆုံခဲ့ပြီး အထက်ပါအကြောင်းအရာကို ဆွေးနွေးခဲ့ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မြင့်က ပြောသည်။

ဇွန် ၁၅ ရက်မတိုင်မီ တောင်သူလက်ဝယ်ကို စိုက်ပျိုးစရိတ်များ ပေးအပ်နိုင်ရန်၊ သွင်းအားစုနှင့် စက်သုံးဆီတွေ သင့်တင့်သော ဈေးနှုန်းများနှင့် တောင်သူလက်ဝယ်သို့ ရောင်းချနိုင်ရေးကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်မှာ ဆန်တန်ချိန် ငါးသန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ထုတ်ပြန်ထားသည်။

ထို့ကြောင့် ပို့ကုန်ဆန် တစ်တန်ကို Rice Export Zone တစ်ဧက ရည်မှန်းပြီး စိုက်ဧက ငါးသန်းအထိ နှစ်စဉ် တိုးတက်စိုက်ပျိုးသွားရန် ရှိသည်။

လက်ရှိမှာ ပို့ကုန် နှစ်ဆတိုးမြှင့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Rice Export Zone များကို မြို့နယ် ၁၀၀ ခန့်မှာ ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းဆန်ထုတ်လုပ်မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းမှာ စားသုံးကြပြီး ကျန် ၂၀ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်သို့ တင်ပို့နေခြင်းဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမလ ဧပြီတွင် ပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၁ သန်း ရရှိထားကြောင်း သိရသည်။

**ရွှေမန်း**



## ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများ ဈေးကျဆင်းနေရာ လျှောင်လက်သမားများ အဝယ်ကောင်းနေ

ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများ ဈေးကျဆင်း နေရာ လှောင်လက်သမားများ အဝယ်ကောင်းနေကြောင်း သိရသည်။

မေလ အတွင်း ပဲ၊နှမ်းဈေးကွက်ကျဆင်းနေရာ ပို့ကုန်ပဲများဖြစ်သည့် ပဲတီစိမ်းမှာ သိသိသာသာ ကျဆင်းသွားခြင်း ဖြစ်သည်။

ပို့ကုန်ပဲများတွင် ပဲတီစိမ်းဈေးကွက်မှာ တစ်အိတ်လျှင် ငွေကျပ် သုံးသိန်းအောက်ထိ ကျဆင်းသွားပြီး ဈေးပြန်မြင့်တက်လာကြောင်း၊ မြေပဲဆန်များမှာ ဈေးကွက်အတွင်းအဝင် ဆက်လက်များနေခြင်းကြောင့် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ခန့် ဈေးကျဆင်းသွားကြောင်း၊ နှမ်းမျိုးစုံနှင့် ကုလားပဲများမှာ ပုံမှန်သာ အရောင်းအဝယ်ရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"အညာမြေပဲဆန်တွေ ဆက်တိုက် အဝင်ကောင်းနေတော့ မြေပဲဆန် တစ်အိတ် ငွေကျပ် ၅၀၀၀၀ ခန့်ထိ ကျဆင်းသွားပါတယ်။ အညာပဲတီစိမ်းတစ်အိတ် သုံးသိန်းအောက်ထိ ကျဆင်းသွားတာကနေ ဈေးအကျရပ်သွားပြီး မေ ၂၂ ရက်မှာ တစ်အိတ် သုံးသိန်းကျော် ပြန်တက်လာပါတယ်။ ပဲတီစိမ်း ဈေးကျတော့ လှောင်သမားတွေ အဝယ်ကောင်းနေတယ်။ အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုနဲ့ ပဲမာလိုင်းများမှာ ဈေးပုံမှန်ဈေးသာ ပေါက်ဈေးရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

မေ ၂၂ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၂၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၃၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ မေ၂၂ ရက်တွင် ပဲကြီးတစ်အိတ်လျှင်ငွေကျပ် ၅၇၀၀၀၀၊ ကျွန်းစားတော်ပဲ(အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ ပဲနီပြား(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲဖီးကွက်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၂၂ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၁၃၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**






## တရုတ်သို့ မြန်မာ့ဒူးရင်းသီး တင်ပို့နိုင်ရေး GACC တွင် မှတ်ပုံတင်မည်

ကမ္ဘာ့ဒူးရင်းသီးဝယ်လိုအား အမြင့်ဆုံးဖြစ်သည့် တရုတ်နိုင်ငံသို့ မြန်မာ့ဒူးရင်းသီး တင်ပို့နိုင်ရေးအတွက် အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)မှာ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးလမ်းကြောင်းတွေ ပေါ်ပေါက်လာမှုနှင့်အတူ တရုတ်နိုင်ငံ၏ ဒူးရင်းသီးဈေးကွက်မှ ဝေစုရရှိစေရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း ညွှန်ကြားရေးမှူးချုပ်က မေ ၁၉ ရက်မှာ ပြုလုပ်ခဲ့သည့် မြန်မာ့ဒူးရင်းသီးပွဲတော် မှာ ပြောကြားခဲ့သည်။

မြန်မာ့ဒူးရင်းသီးဈေးကွက်က လက်ရှိမှာ ပြည်တွင်းစားသုံးမှုကို မှီခိုနေရတာဖြစ်သော်လည်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ပြည်ပကို အလုံးအရင်းဖြင့် တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံဒေသတွင်း ထိပ်တန်း ဒူးရင်းသီးစိုက်ပျိုးထုတ်လုပ်သူတွေအဖြစ် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ဈေးကွက်ကို ဦးဆောင်နေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ဆောင်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

မြန်မာ့ဒူးရင်းသီးဟာ တောင်ဘက်ပိုင်း မွန်၊ကရင်နှင့် တနင်္သာရီ ဒေသများမှာ စိုက်ပျိုးဖြစ်ထွန်းပြီး မေ၊ ဇွန်၊ ဇူလိုင်လတို့က ဒူးရင်းသီး လှိုင်လှိုင်ထွက်ရှိသော ကာလဖြစ်သည်။

ယခုနှစ်မှာ ဒူးရင်းသီး တစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀၀ အထိ ဈေးဖွင့်ခဲ့ပြီး အလုံးကြီးတွေကတော့ တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းကျော်အထိ ရောင်းဈေးရှိကြောင်း သိရသည်။ **ရွှေမန်း**

## မိုးပြောင်းဖူးများ စတင်စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

မိုးသီးနှံတစ်မျိုးဖြစ်သော ပြောင်းဖူးသီးနှံကိုလည်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာမှ ယခုအချိန်တွင် စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စဉ့်ကိုင်မြို့နယ်တွင် မိုးပြောင်းဖူး စိုက်ဧက ၅၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

အများဆုံးစိုက်ပျိုးသော မျိုးများမှာ သကြားပြောင်းမျိုးဖြစ်ပြီး တစ်ဧကမျိုးအနေဖြင့် ပြောင်းဖူးစေ့ ရှစ်ပြည် စိုက်ပျိုးရကြောင်း၊ မျိုးဈေးနှုန်းအနေဖြင့် မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရသည်။

ဖူးစားပြောင်းများကို မေလတွင် စတင်စိုက်ပျိုးကြပြီး မိုးပြောင်းဖူးများ ဩဂုတ်လမှ စတင်၍ ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၆၀၀၀၀၀ အထိ ကုန်ကျကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် ပြောင်းဖူးစုစုပေါင်း ၄၀၀၀-၄၅၀၀ အကြား အဖူးရေထွက်ရှိကြောင်း၊ ထိုင်ဝမ် သကြားပြောင်းဖူးမှာ လူကြိုက်များသောကြောင့် ဈေးကွက်တွင် အရောင်းသွက်ပြီး ဈေးကောင်းရရှိကြောင်း၊ ပြောင်းဖူးဈေးနှုန်းအနေဖြင့် တစ်ဖူးလျှင် လက်ကားငွေကျပ် ၃၀၀ နှင့် လက်လီတစ်ဖူးလျှင် ငွေကျပ် ၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြောင်းဖူးပြုတ် တစ်ဖူးလျှင် ငွေကျပ် ၇၀၀-၈၀၀ ဈေးများဖြင့် ရောင်းဝယ်လျက်ရှိသည်။

မန္တလေးကုန်စိမ်းပွဲရုံများသို့ သွားရောက်ရောင်းချကြပြီး အချို့ပွဲစားများမှလည်း ကျေးရွာစိုက်ခင်းအထိ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ တောင်သူများမှ ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင်လည်း ရောင်းချကြကြောင်း သိရသည်။ အကျိုးအမြတ်အနေဖြင့် အထွက်နှုန်းနှင့် ဈေးနှုန်းပေါ်မူတည်ပြီး အကျိုးအမြတ်များ ရရှိသည်။ ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် ကျွဲစာ၊ နွားစာများ ဖူလုံသည့်အပြင် ပြောင်းဖူးမျိုးပင်များကိုလည်း ပြန်လည်ရောင်းချရသဖြင့် တွက်ချေကိုက်သည့် သီးနှံဖြစ်သောကြောင့် ပြောင်းဖူးသီးနှံကို ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သိရသည်။

**ရွှေမန်း**



# လူငယ်အသိပညာပေး ဟောပြောပွဲပြုလုပ်

**သရက် မေ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၌ လူငယ်အသိပညာပေး ဟောပြောပွဲကို တံခွန်ဘော်ဒါရှိ ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်အသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက စာသင်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သရက်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က 'အောင်မြင်ချင်လျှင် ကိုယ်တိုင်ကြိုးစားရမည်' ခေါင်းစဉ်ဖြင့် လူငယ်များကို အသိပညာပေး ဟောပြောပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်သီရိအောင်က 'ပလတ်စတစ်အကြောင်း သိကောင်းစရာများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းက 'ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့' (A Global Call For Climate Action)ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေး ဟောပြောဆွေးနွေးကြသည်။



ထို့နောက် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား 'ပလတ်စတစ်အိတ်ကို အသုံးပြုမှုကို လျှော့ချ၍ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို မရှိစေသော နည်းလမ်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့' အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ အသိပညာပေး နံရံကပ်ဓာတ်ပုံ၊ ပိုစတာများ ပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**



# Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း ဆောင်ရွက်

**မိုင်းရှူး မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် အလုပ်တာဝန်ဖြင့် မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများ၊ စာအုပ်၊ စာပေများကို လာရောက်ငှားရမ်းဖတ်ရှုရန် ခက်ခဲသူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် သုတ၊ ရသ၊ မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များ ငှားရမ်းပေးပြီး လစဉ်စာအုပ်အသစ်များ သွားရောက်လဲလှယ် ငှားရမ်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်စာအုပ်ဖြင့် ဝန်ထမ်းစာဖတ်ဝိုင်း ကျင်းပ

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ ညနေ ၄ နာရီက စာကြည့်တိုက် လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲ စာစောင်စာအုပ်ဖြင့် ဝန်ထမ်းစာဖတ်ဝိုင်း ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ဝန်ထမ်းများအနေဖြင့် မိမိ၏ လုပ်ကိုင်ရသည့် လုပ်ငန်းများအပေါ် ပိုမိုကျွမ်းကျင်တတ်မြောက်လာစေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ညဏ်ရည်ညဏ်သွေးများ မြင့်မားလာစေရန်နှင့် အားလပ်သည့်အချိန်များတွင် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်စာအုပ်တွင် ပါရှိသည့် စာအုပ်စာစောင် အမျိုးအစား ပညာရပ်ခွဲနည်းများ၊ စာကြည့်တိုက်တာဝန်ရှိသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းချက်များ စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသည့် ဝန်ထမ်းများကလည်း သိရှိလိုသည်များကို အသီးသီး မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# မြစ်လယ်ကျွန်းကျေးရွာ(၉)ရွာ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိ

**မန္တလေး မေ ၂၃**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ပုသိမ်ကြီးမြို့နယ်၊ ဧရာဝတီမြစ်လယ်ကျွန်းကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ခဲ့သည်။ ယခင် ဓာတ်အားပေးထားမှုမှာ စစ်ကိုင်းမြို့ရှိ ၃၃ ကေဗွီ (၁၀ အမ်ဗွီအေ) မင်းကွန်းဓာတ်အားခွဲရုံ၊ ၁၁ ကေဗွီ မိုးမိတ်ဖီဒါမှ ဧရာဝတီမြစ်ကျော် ဓာတ်အားလိုင်း တည်ဆောက်၍ မြစ်လယ်ကျွန်း ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးခဲ့သည်။

အဆိုပါ ကျေးရွာများသို့ ဓာတ်အားပို့လွှတ်သော မင်းကွန်းဓာတ်အားခွဲရုံသည် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း



သည် ပြည်သူများ လျှပ်စစ်မီးအချိန်တိုအတွင်း ပြန်လည်ရရှိရေးအတွက် လျှပ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ချိတ်ဆက်၍ မင်းကွန်းဓာတ်အားခွဲရုံနှင့် ၁၄ မိုင် အကွာရှိသော တောင်ဖီလာဓာတ်အားခွဲရုံရှိ CT များ ပြောင်းလဲတပ်ဆင်၍ မူလဓာတ်အားလိုင်းကြိုးများနှင့် ချိတ်ဆက်ပြီး မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မေ ၂၀ ရက်မှစတင်ပြီး ပုသိမ်ကြီးမြို့နယ် မြစ်လယ်ကျေးရွာ(၉)ရွာ လျှပ်စစ်မီး ပြန်လည်ရရှိသဖြင့် ကျေးရွာပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။

(ဝဲပုံ)

(ဝ၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပညာသတိ ထိန်း၍ညို

---

* နေမင်း၏နောက်
လမ်းတစ်လျှောက်မှာ
လိုက်ရောက်ပါတာ
အလင်းရောင်သာ ။

* သူတော်ကောင်းနောက်
သဒ္ဓါပေါက်သော်
လိုက်ရောက်ပါတာ
ကုသိုလ်သာ ။

* သူရိန်နေမင်း
လေးကျွန်းချဉ်းလည်း
တစ်ကျွန်းသည်သာ
မှောင်မိုက်ရာ၏ ။

* သူတော်တရား
ကျင့်ပါခြားလည်း
သတိလက်လွတ်
ငှက်တောင်ကျွတ်သို့
မချွတ်အခါ
ရှိတတ်စွာ၏ ။

* သတိပညာ
ထိန်းညှိကာဖြင့်
သဒ္ဓါပြဋ္ဌာန်း
ဖြောင့်ကာတန်း၍
ပွင့်လန်းသီကာ မေတ္တာဝေ
ကျင့်လမ်းညီစွာ ဖြစ်ပါစေ ။ ။

**မောင်ချစ်ဝေ(ခေမာမြေ)**



# နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့

စာသင်နှစ်တစ်နှစ်အစဖြစ်သော မိုးဦးကျအခါသမယ ဖွန်လဆန်းအချိန်သို့ ရောက်တော့မည် ဖြစ်ပေသည်။ စာရေးသူမှာ ပညာရေးဌာနတွင် အမှုထမ်းတစ်ဦးအဖြစ် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရသောသူဖြစ်၍ ကျောင်းများ ဖွင့်လှစ်သောကာလကို အမြဲထာဝရ မှတ်မှတ်ထင်ထင် ကြုံဆိုဖြစ်ပေသည်။ စာရေးသူ မနက်ပိုင်းအချိန် မြို့ထဲသို့ ဆိုင်ကယ်ဖြင့် ထွက်လာရာ ကျုံးဘေးတစ်လျှောက်တွင် အလုပ်သွားချိန်ဖြစ်၍ ကား၊ ဆိုင်ကယ်များ ဥဒဟို ပျားပန်းခတ်မျှ သွားလာနေကြသည်။ ကျုံးအရှေ့တောင်ထောင့်အရောက်တွင် ကား၊ ဆိုင်ကယ်များနှင့်အတူ များပြားသော လူအုပ်ကြီးကို ထူးခြားစွာ တွေ့မြင်ရပြီး ယာဉ်ကြောအချက်ပြ မီးနီချိန်တွင် ခေတ္တရပ်လိုက်မိပေသည်။ ကားလမ်းဝဲယာ ယာဉ်ကြောတစ်လျှောက်တွင် မန္တလေးတိုင်းဒေသကြီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းအမှုထမ်းများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများကို ပြုံးရွှင်စွာ တွေ့မြင်လိုက်ရသည်။ လက်ကမ်းစာစောင်များကိုလည်း ကား၊ ဆိုင်ကယ်များကို ဝေငှပေးနေပြီး စာရေးသူမှာလည်း လက်ကမ်းစာစောင်တစ်ရွက်ကို ရရှိခဲ့ပေသည်။

ခင်မင်ရင်းနှီးသော အရာထမ်း၊ အမှုထမ်းများအား မင်္ဂလာပါဟု ခေတ္တနှုတ်ဆက်၍ ဆိုင်ကယ်ကို မောင်းထွက်ခဲ့ပေသည်။ မနက်စာစားသောက်နေကြ လက်ဖက်ရည်ဆိုင်ကိုရောက်မှ လက်ကမ်းစာစောင်ကို သတိတရ ဖတ်ကြည့်မိသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး အသိပေးနှိုးဆော်သော လက်ကမ်းစာစောင်ပင် ဖြစ်ပေသည်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိဟူ၍ တိုက်တွန်း နှိုးဆော်ဖော်ပြထားပေသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးသီတင်းပတ်၊ ၂၀၂၆ ခုနှစ် မေ ၂၅ ရက်နေ့မှ မေ ၃၁ ရက်အထိ.......

**"အသိပေးကြေညာချက်"**

- ကျောင်းအပ်နှံရေးသီတင်းပတ်၊ ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်ထိ
- ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း၊ (KG)သို့အပ်ရန်။
- ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။
- ကျောင်းအပ်လက်ခံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းပြုမည်မဟုတ်ပါ။
- ကျောင်းသားအားလုံး KG+9(အလယ်တန်းဆင့်) ပြီးစီးပါက ပုံမှန် Grade-10, 11, 12 အထက်တန်းဆင့်သို့(သို့မဟုတ်)စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပါသည်။
- စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများမှ အဆင့်မီ၍ အောင်မြင်သူများသည် အစိုးရစက်မှု၊ လက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ခြင်း၊ ဒီပလိုမာလက်မှတ်ရရှိနိုင်ခြင်း၊ အထူးအောင်မြင်ပါက နည်းပညာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များသို့ တက်ရောက်နိုင်ခြင်းဖြင့် သက်ဆိုင်ရာဘွဲ့များကို ရရှိနိုင်ပါသည်။
- စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ တက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အစိုးရမှ ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ကျပ်တစ်သောင်းနှုန်းဖြင့် ၁၀ လစာကို ထောက်ပံ့ပေးလျက်ရှိပါသည်။

**အခမဲ့ဖြန့်ဝေမည့် ပစ္စည်းများ**

ကျောင်းသားတစ်ဦးလျှင်-

| | |
|---|---|
| (က) ကျောင်းသုံးပြဋ္ဌာန်းစာအုပ် | (၁)စုံ |
| (ခ) ဗလာစာအုပ် | (၁)ဒါဇင် |
| (ဂ) ခဲတံ | (၄)ချောင်း (မူဆင့်) |
| (ဃ) ခဲတံ | (၂)ချောင်း (လယ်/ထက်ဆင့်) |
| ဘောပင် | (၂)ချောင်း (လယ်/ထက်ဆင့်) |
| (င) ကျောင်းဝတ်စုံ | (၁)စုံ (မူဆင့်) |

**"မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်"**

